# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၇) ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | စင်ကာပူသမ္မတနိုင်ငံတွင် နိုင်ငံတော်သမ္မတ နှင့် ဝန်ကြီးများအား နိုင်ငံတကာအဖွဲ့အစည်းများ၌ ပုဂ္ဂလိကစွမ်းဆောင်ရည်များအရ ပါဝင်ခွင့်ပြုရန် ဥပဒေမူကြမ်း အဆိုပြုခြင်း။ | ၂-၄ |
| ၂။ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၆၅ / ၂၀၂၃ နှင့်စပ်လျဉ်းသည့်သိကောင်းစရာ။ | ၅ |
| ၃။ | စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း။ | ၆-၇ |
| ၄။ | စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများအပ်နှင်းသည့်အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း။ | ၈-၉ |
| ၅။ | အာဆီယံအမြဲတမ်းကိုယ်စားလှယ်များကော်မတီ(CPR) နှင့်ပစိဖိတ်မဟာမိတ်နိုင်ငံများ အဖွဲ့အမျိုးသားအဆင့်ညှိနှိုင်းရေးမှူးများအကြား အစည်းအဝေးနှင့်စပ်လျဉ်းသည့် ပူးတွဲ<br>သတင်းထုတ်ပြန်ချက်။ | ၁၀-၁၁ |
| ၆။ | အမေရိကန်နိုင်ငံ၏ Artificial Intellectual ( AI) နှင့်စပ်လျဉ်း၍ ဘေးကင်းရေးနှင့် လုံခြုံရေးအတွက် ချမှတ်သည့် စံနှုန်းအသစ်များ။ | ၁၂-၁၃ |

## စင်ကာပူသမ္မတနိုင်ငံတွင် နိုင်ငံတော်သမ္မတ နှင့် ဝန်ကြီးများအား နိုင်ငံတကာအဖွဲ့အစည်းများ၌ ပုဂ္ဂလိကစွမ်းဆောင်ရည်များအရ ပါဝင်ခွင့်ပြုရန် ဥပဒေမူကြမ်း အဆိုပြုခြင်း

နိုင်ငံတော်၏အကျိုးစီးပွားအရ လိုအပ်ပါက နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးများအား နိုင်ငံတကာအဖွဲ့အစည်းများ၌ ၎င်းတို့၏ပုဂ္ဂလိကစွမ်းဆောင်ရည်အရ ခန့်အပ်တာဝန်ပေးခြင်းများကို ခွင့်ပြုရန်အဆိုပြုသည့် စင်္ကာပူသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (ပြင်ဆင်ချက်အမှတ် ၃) ဥပဒေမူကြမ်းကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်နေ့က လွှတ်တော်တွင် အဆိုတင်သွင်းခဲ့ပါသည်။ ယင်းအဆို အောင်မြင်ပါက အသက်၆၆နှစ်အရွယ်စီးပွားရေးပညာရှင်ဖြစ်သည့်သမ္မတTharman Shanmugaratnam သည် ကမ္ဘာ့စီးပွားရေးဖိုရမ်နှင့် Group of Thirty တို့တွင် ၎င်း၏အခန်းကဏ္ဍများကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ သို့မဟုတ် ဝန်ကြီးများကို ပြည်ပနှင့်နိုင်ငံတကာအဖွဲ့အစည်းများရှိ အဓိကရာထူးနေရာများတွင် အခါအားလျော်စွာထမ်းဆောင်ရန် ဖိတ်ကြားထားကြောင်း၊ ယင်းရာထူးများကို လက်ခံခြင်းသည် စင်္ကာပူသမ္မတနိုင်ငံ၏ နိုင်ငံတကာရပ်တည်မှုကို မြှင့်တင်ပေးနိုင်ပြီး ၎င်းတို့၏ အမျိုးသားအကျိုးစီးပွားကို တိုးတက်အောင် ကူညီပေးနိုင်ကြောင်း ဝန်ကြီးချုပ်ရုံး၏ကြေညာချက်တွင် ဖော်ပြထားသည်။

သို့သော် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အကြီးအကဲတစ်ဦးအနေဖြင့် ၎င်း၏ကိုယ်ပိုင်စွမ်းဆောင်ရည်အရ ပြည်သူ့အခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းမရှိပါ။ ယခုတင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးမူကြမ်းသည် အစိုးရအဖွဲ့မှ နိုင်ငံတော်၏အကျိုးစီးပွားအတွက်ဖြစ်ကြောင်း အကြံပေးသည့်အခါ နိုင်ငံတော်သမ္မတသည် အဆိုပါရာထူးတာဝန်များကို လက်ခံ၍ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

ယခုလက်ရှိတွင် အခြေခံဥပဒေ၌ ဝန်ကြီးများအား ပြည်ပနှင့်နိုင်ငံတကာအဖွဲ့အစည်းများတွင် ယင်းတို့၏ ပုဂ္ဂလိကစွမ်းဆောင်ရည်ရာထူးနေရာများ၌ တာဝန်ထမ်းဆောင်ရန် တားမြစ်ထားခြင်းမရှိသော်လည်း ဥပဒေမူကြမ်းတွင် ဝန်ကြီးများအတွက် အလားတူမူဘောင်တစ်ရပ်ကို ချမှတ်ရန် ရည်ရွယ်ထားကြောင်း ဝန်ကြီးချုပ်ရုံးမှ ပြောကြားခဲ့ပါသည်။

သမ္မတ Tharman Shanmugaratnam သည် ယခုလက်ရှိတွင် Group of Thirty ၏ အဖွဲ့ဝင်များက ယုံကြည်အပ်နှံခြင်းခံရသူ အဖွဲ့ဥက္ကဋ္ဌ၊ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အဖွဲ့ဝင်များက ယုံကြည်အပ်နှံခြင်းခံရသူ အဖွဲ့ဝင်၊ ကမ္ဘာလုံးဆိုင်ရာ ရေစီးပွားရေးဆိုင်ရာကော်မရှင်၏ ပူးတွဲဥက္ကဋ္ဌ၊ ကုလသမဂ္ဂလူသားဖွံ့ဖြိုးတိုးတက်မှုစီရင်ခံစာအကြံပေးဘုတ်အဖွဲ့၏ ပူးတွဲဥက္ကဋ္ဌအဖြစ် နိုင်ငံတကာ မှခန့်အပ်မှုအများအပြားရှိကြောင်း သိရသည်။

သမ္မတ Tharman သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၌ ကျင်းပပြုလုပ်သော သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိပြီးနောက် စက်တင်ဘာလ ၂ ရက်နေ့တွင် စင်္ကာပူသမ္မတနိုင်ငံ၏ နဝမမြောက်သမ္မတဖြစ်ခွင့်ရထားပြီး ၎င်း၏ရရှိပြီးသည့်ရာထူးများအပေါ် ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း၊ အဆိုပါခန့်အပ်မှုများအနက်မှ အချို့အား ထိန်းသိမ်းထားရှိခြင်းသည် စင်ကာပူသမ္မတနိုင်ငံ၏အကျိုးစီးပွားအတွက် ဖြစ် မဖြစ် အစိုးရအဖွဲ့၏အကြံပေးချက်အတိုင်း လိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း မီဒီယာအား ပြောကြားခဲ့ပါသည်။

သမ္မတ Tharman သို့မဟုတ် ဝန်ကြီးများအား ပြည်ပနှင့်နိုင်ငံတကာအဖွဲ့အစည်းများ၌ ပါဝင်ခွင့်ပြုမည့်ကိစ္စအား သမ္မတရုံးနှင့်ဝန်ကြီးချုပ်ရုံးတို့သို့ The Straits Times က သေချာမှုရှိစေရန် ဆက်သွယ်ခဲ့ရာ ဥပဒေမူကြမ်းတွင် အဆိုပြုထားသော ပြင်ဆင်ချက်များသည် Mr. Tharman နှင့် ဝန်ကြီးများအား ပြည်ပနှင့်နိုင်ငံတကာအဖွဲ့အစည်းများ၌ ၎င်းတို့၏ ပုဂ္ဂလိကစွမ်းဆောင်ရည်အရ ရာထူးနေရာများအား ထမ်းဆောင်ရန် ဥပဒေဆိုင်ရာကန့်သတ်ချက်များ ချမှတ်ထားသည်ကို သိရှိရပါသည်။

အစိုးရအဖွဲ့သည် အဆိုပါကန့်သတ်ချက်များပါဝင်သည့် ရာထူးတာဝန် ရယူဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားဖြစ်ကြောင်း နိုင်ငံတော်သမ္မတကို အကြံပေးရမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတသည် အစိုးရအဖွဲ့၏ အကြံပြုချက်နှင့်အညီ လက်ခံရမည်ဖြစ်ပါသည်။

အစိုးရအဖွဲ့သည် နိုင်ငံတော်သမ္မတကို ထိုကဲ့သို့ ရာထူးတာဝန်များကို လုပ်ဆောင်ရာတွင် မည်သည့်အရာကိုမဆို ပြောဆိုခြင်း သို့မဟုတ် လုပ်ဆောင်ခြင်းမပြုရန် အခါအားလျော်စွာ အကြံပေးနိုင်ပြီး အစိုးရအဖွဲ့ကအကြံပေးပါက နိုင်ငံတော်သမ္မတသည် အဆိုပါရာထူးမှ နုတ်ထွက်ရမည်ဖြစ်ပါသည်။

ဝန်ကြီးချုပ်သည် ဝန်ကြီးများအား နိုင်ငံတော်၏အကျိုးစီးပွားအတွက် ထိုသို့သော ရာထူးတာဝန်များအား ထမ်းဆောင်ရန် စဉ်းစားဆုံးဖြတ်၍ ယင်းရာထူးကို လက်ခံရယူဆောင်ရွက်ရန် ခွင့်ပြုချက်ပေးရမည်ဖြစ်သည်။

အလားတူပင် ဝန်ကြီးချုပ်သည် ဝန်ကြီးအား အဆိုပါ ပြင်ပရာထူးတာဝန်များထမ်းဆောင်ရာတွင် တစ်စုံတစ်ရာ ပြောဆိုခြင်း သို့မဟုတ် လုပ်ဆောင်ခြင်းမပြုရန် အခါအားလျော်စွာ ညွှန်ကြားနိုင်ပြီး ဝန်ကြီးချုပ်ကညွှန်ကြားပါက ဝန်ကြီးသည် အဆိုပါရာထူးမှ နုတ်ထွက်ရမည်ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ သို့မဟုတ် ဝန်ကြီးတစ်ဦးသည် ၎င်းတို့၏ ကိုယ်ပိုင်စွမ်းဆောင်ရည်အရ ပြည်ပနှင့်နိုင်ငံတကာအဖွဲ့အစည်းများ၌ ပုဂ္ဂလိကစွမ်းဆောင်ရည်ရာထူးနေရာအား လက်ခံခြင်း သို့မဟုတ် စွန့်လွှတ်ခြင်းပြုပါက ၎င်းကို စင်ကာပူအစိုးရပြန်တမ်းတွင် ထုတ်ပြန်ရမည်ဖြစ်ပါသည်။ အဆိုပါဥပဒေမူကြမ်းကို လာမည့်လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်သည်ဟု သိရှိရပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

Source:

https://constitutionnet.org/news/singapore-constitutional-amendment-proposed-allow-president-and-ministers-accept-roles-foreign

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၇) ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာအမှတ် ၁၆၅/၂၀၂၃ နှင့် စပ်လျဉ်းသည့် သိကောင်းစရာ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၈၆ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၆၅/၂၀၂၃ ကို ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာအရ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂)နှင့်အညီ ပြည်ပနိုင်ငံများရှိ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံဆိုင်ရာ သံရုံးများ၌ တာဝန်ထမ်းဆောင်နေသော သံအရာရှိများ နှင့် ပြည်ပနိုင်ငံများရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်နေသော ကောင်စစ်အရာရှိများကို ၎င်းတို့ကျရောက်သော နိုင်ငံများရှိ ပြည်ပနေနိုင်ငံသားများ၏ ဝင်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံနိုင်ရန် တာဝန်နှင့်လုပ်ပိုင်ခွင့်များ လွှဲအပ်ခဲ့ကြောင်းသိရှိရပြီး ယင်းအမိန့်ကြော်ငြာစာ သည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

ယင်းအမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းဖြင့် ပြည်ပနေ နိုင်ငံသားများသည် မိမိတို့ ရရှိသည့် စုစုပေါင်းလစာ၏ ဝင်ငွေအပေါ် ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်အရ ဝင်ငွေခွန်စည်းကြပ်ရာတွင် မည်သူက မည်သို့စည်းကြပ်မည်ဖြစ်ကြောင်း ရှင်းလင်းစွာ သိရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများအပ်နှင်းသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၉၅၅/၂၀၂၃)၊ (၉၅၆/ ၂၀၂၃)၊ (၉၅၇/၂၀၂၃)၊ (၉၅၈/၂၀၂၃)၊ (၉၅၉/၂၀၂၃) တို့ကို ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါအမိန့်ကြော်ငြာစာအမှတ် (၉၅၇/၂၀၂၃) အရ မိမိတို့စီရင်ပိုင်ခွင့်ဒေသအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများက စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရချမှတ်ခဲ့သည့် ရာဇဝတ်ဆိုင်ရာစီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို **တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ**အား အပ်နှင်းခဲ့ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**အား စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေပုဒ်မ ၆၅ အရ အေဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် လျှောက်ထားမှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာကို အမိန့်ကြော်ငြာစာအမှတ် (၉၅၅/၂၀၂၃)ဖြင့်လည်းကောင်း၊ မူပိုင်ခွင့်တရားရုံးက တရားမမှုများတွင်ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အမိန့်ကြော်ငြာစာအမှတ် (၉၅၉/၂၀၂၃) ဖြင့် လည်းကောင်း အပ်နှင်းခဲ့ပါသည်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများ**အား စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ အရေးယူဆောင်ရွက်သည့် ရာဇဝတ်မှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ ရာဇဝတ်မူလမှုစီရင်ပိုင်ခွင့်အာဏာများကို အမိန့်ကြော်ငြာစာအမှတ် (၉၅၆/၂၀၂၃)ဖြင့် အပ်နှင်းခဲ့ပါသည်။

**ကျောက်တံတားခရိုင်တရားရုံး**အား စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့်အခွင့်အရေးချိုးဖောက်ခြင်းနှင့်စပ်လျဉ်းသည့် တရားမကြောင်းအရစွဲဆိုမှုများနှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေပုဒ်မ

ဖ၇ (က) အရ ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုများကို စစ်ဆေး စီရင်ရန် မူပိုင်ခွင့် တရားရုံး၏စီရင်ပိုင်ခွင့်အာဏာများကို အမိန့်ကြော်ငြာစာအမှတ် (၉၅၈/၂၀၂၃) ဖြင့် အပ်နှင်းခဲ့ကြောင်းသိရပါသည်။

တရားရုံးအသီးသီးအား အပ်နှင်းခဲ့သည့် စီရင်ပိုင်ခွင့်အာဏာများကိုလည်း စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေစတင်အာဏာတည်သည့် ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့မှစ၍ ကျင့်သုံးရမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။

ထို့ပြင် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရစွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း အမိန့်ကြော်ငြာစာအမှတ် (၉၆၀/၂၀၂၃) ဖြင့် ဆက်လက်ထုတ်ပြန်ခဲ့ကြောင်း သိရပါသည်။

ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.unionsupremecourt.gov.mm/announcements/230

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၇)　　　　၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်

## စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများအပ်နှင်းသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၉၆၁/၂၀၂၃)၊ (၉၆၂/၂၀၂၃)၊ (၉၆၃/၂၀၂၃)၊ (၉၆၄/၂၀၂၃)၊(၉၆၅/၂၀၂၃) တို့ကို ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲ ဖြင့် ထုတ်ပြန်ခဲ့ကြောညာခဲ့ပါသည်။

အဆိုပါ အမိန့်ကြော်ငြာစာ အမှတ်(၉၆၃/၂၀၂၃)အရ မိမိတို့စီရင်ပိုင်ခွင့်ဒေသအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများက စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရချမှတ်ခဲ့သည့် ရာဇဝတ်ဆိုင်ရာစီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို **တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များအား** အပ်နှင်းခဲ့ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အား** စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၅၉ အရ အေဂျင်စီ၏ဆုံးဖြတ်ချက်များအပေါ် လျှောက်ထားမှုများနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၆၈ အရ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်အပေါ် လျှောက်ထားမှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာကို အမိန့်ကြော်ငြာစာအမှတ် (၉၆၁/၂၀၂၃) ဖြင့်လည်းကောင်း၊ မူပိုင်ခွင့်တရားရုံးက တရားမမှုများတွင်ချမှတ်သောစီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အမိန့်ကြော်ငြာစာအမှတ် (၉၆၅/၂၀၂၃)ဖြင့်လည်းကောင်း အပ်နှင်းခဲ့ပါသည်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများ**အား စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရအရေးယူဆောင်ရွက်သည့် ရာဇဝတ်မှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ ရာဇဝတ်မူလမှုစီရင်ပိုင်ခွင့်အာဏာများကို အမိန့်ကြော်ငြာစာအမှတ်(၉၆၂/၂၀၂၃) ဖြင့် အပ်နှင်းခဲ့ပါသည်။

**ကျောက်တံတားခရိုင်တရားရုံး**အား စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့်အခွင့်အရေးချိုးဖောက်ခြင်းနှင့်စပ်လျဉ်းသည့် တရားမကြောင်းအရ စွဲဆိုမှုများနှင့် စာပေနှင့် အနုပညာ

မူပိုင်ခွင့်ဥပဒေပုဒ်မ ၇၃(က) အရ ယာယီအရေးယူဆောင်ရွက်ပေးရန်လျှောက်ထားမှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို အမိန့်ကြော်ငြာစာအမှတ် (၉၆၄/၂၀၂၃) ဖြင့် အပ်နှင်းခဲ့ကြောင်း သိရပါသည်။

တရားရုံးအသီးသီးအား အပ်နှင်းခဲ့သည့် စီရင်ပိုင်ခွင့်အာဏာများကိုလည်း စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေစတင်အာဏာတည်သည့် ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့မှစ၍ ကျင့်သုံးရမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

ထို့ပြင် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရစွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း အမိန့်ကြော်ငြာစာအမှတ် (၉၇၃/၂၀၂၃) ဖြင့် ဆက်လက်ထုတ်ပြန်ခဲ့ကြောင်း သိရပါသည်။

ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.unionsupremecourt.gov.mm/announcements/230

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၇) ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်

## အာဆီယံအမြဲတမ်းကိုယ်စားလှယ်များကော်မတီ (CPR) နှင့် ပစိဖိတ်မဟာမိတ်နိုင်ငံများအဖွဲ့ အမျိုးသားအဆင့်ညှိနှိုင်းရေးမှူးများအကြား အစည်းအဝေးနှင့်စပ်လျဉ်းသည့် ပူးတွဲသတင်းထုတ်ပြန်ချက်

အာဆီယံအမြဲတမ်းကိုယ်စားလှယ်များကော်မတီ(CPR)နှင့် ပစိဖိတ်မဟာမိတ်နိုင်ငံများအဖွဲ့ အမျိုးသားအဆင့် ညှိနှိုင်းရေးမှူးများအကြား ကျင်းပပြုလုပ်သည့် အစည်းအဝေးကို ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ hybrid format ဖြင့် ကျင်းပခဲ့ပါသည်။

ပစိဖိတ်မဟာမိတ်နိုင်ငံများအဖွဲ့တွင် ချီလီနိုင်ငံ၊ ကိုလမ်ဘီယာနိုင်ငံ၊ မက္ကစီကိုနိုင်ငံနှင့် ပီရူး နိုင်ငံများ ပါဝင်ဖွဲ့စည်းထားပြီး မဟာမိတ်နိုင်ငံများအဖွဲ့၏ အဓိက ရည်ရွယ်ချက်မှာ အာရှ-ပစိဖိတ် နိုင်ငံများနှင့် စီးပွားရေးချဲ့ထွင်နိုင်ရေးအပါအဝင် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရေးနှင့် စီးပွားရေးတိုးချဲ့မှုများ မြှင့်တင်နိုင်ရေးတို့ ဖြစ်သည်။ အာဆီယံသည် ပစိဖိတ်မဟာမိတ်နိုင်ငံများအဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်မှုများကို ၂၀၁၁ ခုနှစ်မှစတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ် ကာလအတွက် အာဆီယံ နှင့် ပစိဖိတ်မဟာမိတ်နိုင်ငံများဆက်ဆံရေးတွင် ညှိနှိုင်းရေးမှူးနိုင်ငံအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

အစည်းအဝေးသို့ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များ၊ ဒုတိယအမြဲတမ်းကိုယ်စားလှယ် များ၊ အာဆီယံဆိုင်ရာ ပီရူးသံအမတ်ကြီးနှင့် ဂျာကာတာအခြေစိုက် ပစိဖိတ်မဟာမိတ်အဖွဲ့ဝင်နိုင်ငံ သံရုံးများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် လေ့လာသူ အဖြစ် အာဆီယံဆိုင်ရာ တီမောလက်စ်တေသံအမတ်ကြီးတို့ ပါဝင်တက်ရောက်ခဲ့ပြီး ပစိဖိတ် မဟာမိတ်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားအဆင့်ညှိနှိုင်းရေးမှူးများက video conference ဖြင့် တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေး၌ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးအောင်မျိုးမြင့်က ပစိဖိတ်မဟာမိတ်နိုင်ငံများအဖွဲ့ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ပီရူးနိုင်ငံခြားရေး ဝန်ကြီးဌာန၊ စီးပွားရေးရာဌာန၊ ညွှန်ကြားရေးမှူးချုပ် သံအမတ်ကြီး Maria Eugenia Echeverria နှင့်အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

အစည်းအဝေး၌ အာဆီယံနှင့် ပစိဖိတ်မဟာမိတ်အဖွဲ့၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အာဆီယံ-ပစိဖိတ်မဟာမိတ်အဖွဲ့ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅)အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့် ဒေသနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ကျားမတန်းတူညီမျှရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒီဂျစ်တယ်စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှု ဖလှယ်ရေး၊ ပလတ်စတစ်စွန့်ပစ်မှု စီမံခန့်ခွဲရေးတို့နှင့်စပ်လျဉ်း၍ ပစိဖိတ်မဟာမိတ်နိုင်ငံများအဖွဲ့မှ အဆိုပြုခဲ့သည့် ပူးတွဲစီမံကိန်း(၄)ခုကို အာဆီယံက ကြိုဆိုခဲ့ပြီး ယင်းစီမံကိန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက်အဖွဲ့အစည်းများမှ အတည်ပြုပြီးပါက ဆက်လက်အကောင်အထည်ဖော်သွားရန် ဆွေးနွေးခဲ့ကြပါသည်။အာဆီယံအမြဲတမ်းကိုယ်စားလှယ်များကော်မတီနှင့်ပစိဖိတ်မဟာမိတ်နိုင်ငံများမှ အမျိုးသားအဆင့်ညှိနှိုင်းရေးမှူးများအကြား စေ့စပ်ညှိနှိုင်းရေးဆိုင်ရာ အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ရန် အာဆီယံပစိဖိတ်မဟာမိတ်အဖွဲ့ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်ကို ပြင်ဆင်ပြီးနောက် အာဆီယံပစိဖိတ်မဟာမိတ်အဖွဲ့ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တင်ပြရန် သဘောတူညီခဲ့ကြပါသည်။ အဆိုပါဝန်ကြီးအဆင့်အစည်းအဝေးများကို ၂၀၂၄ ခုနှစ်နှင့် နောက်ပိုင်းတွင် ပြန်လည်စတင်ရန် မျှော်လင့်နေကြကြောင်းသိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာနခွဲ<br>
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

Source – https://asean.org/joint-press-release-on-the-meeting-between-the committee-of-permanent-representatives-to-asean-cpr-and-the-national coordinators-of-the-pacific-alliance/

– https://www.mofa.gov.mm/

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၂၇)　　　၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်

## အမေရိကန်နိုင်ငံ၏ Artificial Intellectual (AI)နှင့်စပ်လျဉ်း၍ ဘေးကင်းရေးနှင့် လုံခြုံရေးအတွက် ချမှတ်သည့် စံနှုန်း အသစ်များ

အမေရိကန်နိုင်ငံသမ္မတသည် Artificial Intellectual (AI) ၏ အန္တရာယ်များကို စီမံဆောင်ရွက်ရန် ၂၃-၁၀-၂၀၂၃ ရက်နေ့တွင် အမိန့်(Executive Order) တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး ယင်းအမိန့်သည် အမေရိကန်နိုင်ငံ တစ်နိုင်ငံလုံးတွင် အကျိုးသက်ရောက်မည်ဖြစ်ပါသည်။ ယင်းအမိန့်တွင် AI နှင့်စပ်လျဉ်း၍ ဘေးကင်းရေးနှင့် လုံခြုံရေးအတွက် စံနှုန်းအသစ်များကို ဖော်ပြထားပြီး အဓိကအားဖြင့် AI အသုံးပြုမှုတွင် AI လုံခြုံရေးစံနှုန်းများ၊ ကိုယ်ရေးကိုယ်တာဆိုင်ရာ ကာကွယ်မှု၊ သာတူညီမျှမှုနှင့် ပွင့်လင်းမြင်သာ ရှိမှုတို့ကို အလေးပေးဖော်ပြထားပါသည်။

ယင်းအမိန့်တွင် AI နှင့်စပ်လျဉ်းသည့် လုံခြုံမှုဆိုင်ရာစံနှုန်း အသစ်များကို National Institute of Standards and Technology(NIST) က အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပြီး Homeland Security Department သည် NIST က ချမှတ်ထားသည့် စံနှုန်းများကို အဓိကကျသော အခြေခံအဆောက်အအုံဆိုင်ရာကဏ္ဍများတွင် အသုံးပြုဆောင်ရွက်မည်ဖြစ်ပါသည်။ အဓိကကျသော အခြေခံအဆောက်အအုံဆိုင်ရာကဏ္ဍများတွင် AI စနစ် ၏ ဖြစ်နိုင်ချေရှိသော ခြိမ်းခြောက်မှုများ၊ အန္တရာယ်ရှိမှုများကို စွမ်းအင်ဌာနက ဆောင်ရွက်မည်ဖြစ်ပါသည်။

Executive Order သည် အမေရိကန်နိုင်ငံသားများ၏ ကိုယ်ရေးကိုယ်တာလုံခြုံမှုကို ပိုမိုကောင်းမွန်စွာ ကာကွယ်နိုင်ရန်အတွက် ဖြစ်ပါသည်။ လွှတ်တော်အနေဖြင့် ပါတီနှစ်ခုလုံးနှင့် သက်ဆိုင်သည့် ကိုယ်ရေးကိုယ်တာအချက်အလက်များနှင့်စပ်လျဉ်းသည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် လိုအပ်ပြီး ယင်းဥပဒေတွင် ကိုယ်ရေးကိုယ်တာ ထိန်းသိမ်းခြင်းဆိုင်ရာ သုတေသနပြုခြင်းနှင့် နည်းပညာများကို ခိုင်မာအားကောင်းစေခြင်း၊ ဖက်ဒရယ်အစိုးရ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်ထိန်းသိမ်းခြင်းဆိုင်ရာ လမ်းညွှန်မှုများ ပိုမိုကောင်းမွန်စေခြင်းစသည့်ပြဋ္ဌာန်းချက်များ ပါဝင်ရန် လိုအပ်ကြောင်း သမ္မတက လမ်းညွှန်ထားပါသည်။

AI ဆိုင်ရာဆန်းသစ်တီထွင်ခြင်းနှင့် ယှဉ်ပြိုင်ခြင်းတို့တွင် အမေရိကန်သည် ဦးဆောင်မှုအခန်းတွင် ရှိစေရေးအတွက် AI သုတေသန အရင်းအမြစ်၏ ရှေးပြေးစမ်းသပ်မှုများ ပြုလုပ်ရန်၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ AI သုတေသနနယ်ပယ် အတွက်

ထောက်ပံ့ကြေးများရရှိရန်၊ စီးပွားရေးလုပ်ငန်းရှင်များကို နည်းပညာဆိုင်ရာကူညီမှုနှင့် အရင်းအမြစ်များ ရရှိမှုအတွက်ထောက်ပံ့ပေးရန်နှင့် စီးပွားရေးလုပ်ငန်းများတွင် အရည်အချင်းပြည့်မီသော အလုပ်သမား များရရှိရန် တို့အပါအဝင် အခြားလိုအပ်သည့် ဆောင်ရွက်ချက်များ ကိုလည်း Executive Order တွင် လမ်းညွှန်ထားပါသည်။

AI သည် အသုံးပြုသူများအတွက် အဆုံးမရှိသော အကျိုးကျေးဇူးများ ရရှိစေနိုင်သော် လည်း မှန်မှန်ကန်ကန်အသုံးပြုခြင်းမရှိပါက ဆုံးရှုံးမှုများကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ် ၍ AI အသုံးပြုသူများအတွက် ယင်းဆုံးရှုံးမှုများကို ကာကွယ်နိုင်ရန် Executive Order တွင်လမ်းညွှန်ထား ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ
https://www.natlawreview.com/article/president-bidens-ai-executive-order-comprehensive-overview
https://www.whitehouse.gov/briefing-room/presidential-actions/2023/10/30/ executive-order-on-the-safe-secure-and-trustworthy-development-and-use-of-artificial-intelligence/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

